ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၁၀ | ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၁ ရက်

## အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာစီမံခန့်ခွဲမှုနှင့် စီးပွားရေးအထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားခြင်း




၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ (၁) ရက်နေ့မှ (၅) ရက်နေ့အထိ ရန်ကုန်မြို့၊ Chatrium Hotel ၌ ကျင်းပပြုလုပ်သော အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စီးပွားရေးအကောင် အထည်ဖော် ဆောင်ရွက်မှု အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းသည် အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်းများ တိုးတက်များပြားလာသည်နှင့်အမျှ ကုန်လှောင်ရုံတည်ရှိရာနေရာတွေမှာ ဒေသခံများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးပွားစေနိုင်ခြင်း၊ CMP အထည်ချုပ်လုပ်ငန်းများ အတွက် အခွင့်အလမ်းများပိုမိုရရှိစေနိုင်ခြင်း၊ ကုန်ပစ္စည်းဝယ်ယူသူများထံသို့ ပစ္စည်းများအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လာနိုင်တဲ့အတွက် နိုင်ငံတကာဈေးကွက်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားပိုမိုမြင့်မားလာခြင်း၊ ပြည်ပမှ ကုန်ပစ္စည်းပိုင်ရှင်များအနေနဲ့လည်း မိမိနိုင်ငံကို ကြားခံနေရာတစ်ခု အဖြစ်သတ်မှတ်ပြီး ကုန်ပစ္စည်းများ လာရောက်အပ်နှံထားရှိခြင်းဖြင့် မိမိ အကောက်ခွန်ကုန်လှောင်ရုံများမှာ အလုပ်အကိုင်များဖြစ်ပေါ်စေနိုင်ခြင်း၊ အခွန်အခများပိုမိုရရှိနိုင်ခြင်း၊ နယ်စပ်ဂိတ်ပေါက်များတွင် ထားရှိပါကလည်း တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာလုပ်ငန်းခွင် နယ်ပယ်အသီးသီးမှာ တာဝန်ထမ်းဆောင်လျက် ရှိကြသော အကောက်ခွန်အရာရှိ (၂၀) ဦးနဲ့ သက်ဆိုင်ရာ အစိုးရဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ / အရာရှိများမှ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ



၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ (၉) ရက်နေ့တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ (၁) ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးနှင့်အဖွဲ့မှ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ၊ ပြင်သစ်သံရုံးအခြေစိုက် ထိုင်း ၊ ဗီယက်နမ် ၊ မလေးရှား ၊ ကမ္ဘောဒီးယား ၊ လာအို ၊ မြန်မာ နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ Customs Attache' ဖြစ်သူ Mr Denis Bertuit မှ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် ပြင်သစ်သံရုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ စုစုပေါင်း (၁၆) ဦး တက်ရောက်ခဲ့ပါသည်။

# တေရသ အကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် နှင့် ဇနီး တက်ရောက်ခြင်း



တေရသ အကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ (၂၇) ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် နှင့်ဇနီး ဒေါ်တင်တင်ကို ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့်ဇနီးများ ၊ ညွှန်ကြားရေးမှူးများ နှင့်ဇနီးများ ၊ အရာထမ်းများ ၊ အမှုထမ်းများ နှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းဟောင်းများ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

## Workshop on Brand Protection and IP Border Enforcement for Myanmar Customs အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသင်တန်း



၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့နှင့်(၂၄)ရက်နေ့များတွင် အကောက်ခွန်ဦးစီးဌာန၊ ဧယျာသီဟာခန်းမ၌ Workshop on Brand Protection and IP Border Enforcement for Myanmar Customs (အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသင်တန်း) အခမ်းအနားကျင်းပခဲ့ပါသည်။ (၂၃-၇-၂၀၁၉) ရက်နေ့ နံနက် (၀၉:၀၀) နာရီတွင် ကျင်းပပြုလုပ်သည့်ဖွင့်ပွဲ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)မှ အဖွင့်အမှာစကား ပြောကြားခြင်း၊ အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်မှ အမှာစကားပြောကြားခြင်း၊ International Trademark Association, Asia Pacific Chief Representative ဖြစ်သူ Mr. Seth Hays၊ Pharmaceutical Security Institute, Asia Pacific Regional Manager ဖြစ်သူ Mr. Ramesh Raj၊ USPTO, Policy and International Affairs, Senior Counsel for Enforcement ဖြစ်သူ Mr. Peter N. Fowler နှင့် U.S Embassy Yangon, Charged Affairs ဖြစ်သူ Mr. George Sibley တို့မှ အမှာစကား ပြောကြားခဲ့ကြပါသည်။

-

သင်တန်းကျောင်းပရခြင်း၏ရည်ရွယ်ချက်မှာ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအပါအဝင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာ ဥပဒေသစ်များအား ထိရောက်စွာနှင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် အလေ့အကျင့်ကောင်းများဖလှယ်ပေးပြီး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လုပ်ငန်းခွင်တွင် ထိရောက်စွာပြန်လည်အသုံးပြုနိုင်စေရန်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း(၇၃)ဦး၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဖြစ်သည့် Mr. Ramesh Raj, Mr. Anthony Yan Jun, Mr. Mark Robison, Mr. Lui Koon Yeow, Mr. Seth Patrick Hays, Mr. Jonathan Selvasegaram, Mr. Alan Liu, Mr. Peter Niles Fowler, Ms. Yim Siu Ling Winfrey, Ms. Kitisri Sukhapinda, Mr. Robert Thommen, Mr. Stephen Karl Jones, Mr. Yuji Kato, Ms. Julian Cheung Sze နှင့် U Myint Lwin Law Firm, Panasonic, Rouse Myanmar, Unilever Myanmar တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း






အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (National Committee for Trade Facilitation) နှင့် Korea Customs Service (KCS) တို့ပူးပေါင်း၍ အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဇူလိုင်လ (၉) ရက်နေ့မှ (၁၀) ရက်နေ့အထိ နေပြည်တော်၊ Park Royal Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အတွင်းရေးမှူး (ကိုယ်စား) အကောက်ခွန်ဦးစီးဌာန ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးတွင် ပါဝင်သောဌာနများမှ ကိုယ်စားလှယ် (၆၃) ဦး တက်ရောက်ခဲ့ပါသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ ၊ ကိုရီးယားနိုင်ငံ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား ဆွေးနွေးခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အလုပ်ရုံဆွေးနွေးပွဲ (Capacity Building Workshop) တစ်ခုလည်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် WTO TFA ကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက OECD က ခန့်မှန်းထားသည့် Trade Transaction Cost ကိုလည်း ၁၁% မှ ၁၅% အထိ လျော့ချပေးနိုင်မည်ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂၇၇.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၂၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၂၇၇.၇၃၅) သန်းဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်






ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် နှင့် ကုန်လှောင်ရုံတို့တွင် တားဆီး/ဖမ်းဆီးမှု (၁၁) မှု ခန့်မှန်းတန်ဖိုးကျပ် (၆၉.၃၀၉) သန်းရှိသည့်အနက် ၁၉-၆-၂၀၁၉ ရက်နေ့တွင် လေယာဉ်ခရီးစဉ်အမှတ် VJ-917, SF 8645 ဖြင့် Hanoi မှ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Under-natured Type II Collagen (1x30 Pills), C/O Japan, (820) Nos၊ ခန့်မှန်းတန်ဖိုးကျပ် (၄၀) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂၇၇.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်းတားဆီး/ဖမ်းဆီးခြင်း






ဆိပ်ကမ်းတားဆီး/ဖမ်းဆီးမှု အနေဖြင့် (၁၁) မှု ခန့်မှန်းတန်ဖိုးကျပ် (၂၉၉.၇၇၁) သန်းရှိသည့် အနက် ၂၇-၇-၂၀၁၉ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Myanmar Pou Chen Co.,Ltd မှ ကြေညာတင်သွင်း လာသော Footwear Materials items (2) မျိုးပါရှိသည့် ပေ (၄၀) ကုန်သေတ္တာ (၂) လုံးအား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ item 2 မှာ ကြေညာထားသည့် အရေအတွက် အပြင် TAISOX 7470M (25 Kg/Paper Bag) (1296 Bags) ပိုမိုပါရှိလာကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇၉.၆) သန်းအားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂၇၇.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း





နယ်မြေတားဆီးမှုအနေဖြင့် (၃၀၂) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၉၀၈.၆၅၅) သန်းရှိသည့်အနက် ၁၉-၇-၂၀၁၉ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Fuso ယာဉ် (၁) စီးပေါ်တွင် လူသုံးကုန်ပစ္စည်းများ ၊ ငရုတ်သီးအိတ်များနှင့်အတူ ရောနှော သယ်ဆောင်လာသော တရားမဝင် ဒေါင်းမြီးမွေး (၅) ထုပ် ၊ စုစုပေါင်းအလေးချိန် (၈၀) ကီလိုဂရမ်ခန့် ၊ ခန့်မှန်းတန်ဖိုးကျပ် (၅.၆) သန်းအားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂၇၇.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၅-၇-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် SCANIA (၁၂) ဘီးယာဉ် (၁)စီး ၊ HONDA STREAM ယာဉ် (၁) စီးတို့ပေါ်တွင် တရားမဝင် တင်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ (၂၅၉၀) ကီလိုဂရမ် နှင့် ပစ္စည်းတင် ဆောင် လာသောယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၉.၅၀) သန်းအားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂၇၇.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၃-၇-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် (၁၂) ဘီးယာဉ် (၁) စီးပေါ်တွင် တရားမဝင် တင်ဆောင်လာသော Sulpuric Acid (၁၈) လီတာ (၃၆၀ ပုံး) နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၁၆.၂) သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂၇၇.၇၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၉-၇-၂၀၁၉ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် လက်ပြကျေးရွာအနီးတွင် ရပ်တန့်ထားသော တရားဝင် စာရွက် စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လိုင်စင်မဲ့ Nissan Cube နှင့် Toyota Noah ယာဉ် (၂) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၅၅) သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇူလိုင်အတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၄.၄၅၂ သန်း |
| | စုစုပေါင်း | - | ၅ မှု | ၅ မှု | ၄.၄၅၂ သန်း |


အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၉) ရက်နေ့ မှ (၃၁-၇-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၄) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၃၈၄.၇၆၉) သန်းအား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Recycle Plastic Scrap များ တင်သွင်းလို ပါသဖြင့် တင်သွင်းခွင့် ရှိ/မရှိ မေးမြန်းရာ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထောက်ခံချက်ရှိမှသာ တင်သွင်းခွင့်ရှိကြောင်း ဖြေကြားခဲ့ပါသည်။

China Tyre များ တင်သွင်းလိုပါသဖြင့် Form E ခံစားခွင့် ရှိ/မရှိ မေးမြန်းရာ Form E ခံစားခွင့်ရှိကြောင်း ဖြေကြားခဲ့ပါသည်။






Cosmetics များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Heading မှာ 33.04 ဖြစ်ပြီး အကောက်ခွန် 30% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။